Myanmar Centre for Responsible Business

15 Shan Yeiktha Street, Sanchaung, Yangon, Myanmar
01-510069
www.myanmar-responsiblebusiness.org

မတ်လ ၁၈၊ ၂၀၁၄

# သတင်းထုတ်ပြန်ချက်

**စီးပွားရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု မြှင့်တင်ရေးအတွက် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန (MCRB)၏ ပွင့်သစ်စစီမံကိန်းကို စတင်မိတ်ဆက်ခြင်း**

မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုမြှင့်တင်ရေးတစ်နည်းအားဖြင့် ပွင့်သစ်စစီမံကိန်းကို မြန်မာ့စီးပွားရေးကဏ္ဍတာဝန်သူမှုရှိရေး အထောက်အကူပြုဌာန(MCRB)က စတင်မိတ်ဆက်လိုက်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ အဖွဲ့အစည်းဆိုင်ရာပွင့်လင်းမြင်သာမှု၊ လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်ရေးရာ အစရှိသောနယ်ပယ်များတွင် မြန်မာကုမ္ပဏီများ၏ ပွင့်လင်းမြင်သာ မှုမြှင့်တင်ရန် ယခုစီမံကိန်းကိုလုပ်ဆောင်ရခြင်းဖြစ်ပါသည်။ မြန်မာကုမ္ပဏီများ၏ အဆိုပါဖော်ပြထားသော နယ်ပယ်များနှင့် ပတ်သက်သည့် အကြောင်းအရာအချက်အလက်များကို ပိုမိုရရှိရန်မြန်မာ့အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတကာကုမ္ပဏီများက အလေးထားပြောင်း(MCRB)ကိုအကြိမ်ကြိမ်ပြောကြား ခဲ့ပါသည်။

"ပွင့်လင်းမြင်သာမှုဟာ တာဝန်ရှိတဲ့စီးပွားရေး လုပ်ငန်းတစ်ခုရဲ့ ပင်မဏ္ဍိုင်တစ်ခုပါ။ အခုလိုအင်တာ နက်ခေတ်မှာ ကုမ္ပဏီကြီးအားလုံး နောက်ဆုံးပေါ်အချိန်နဲ့တပြေးညီ သတင်းအချက်အလက်တွေကိုဖော်ပြပေး ထားတဲ့ ကုမ္ပဏီဝက်ဘ်ဆိုဒ်ရှိပြီး အဲဒီကုမ္ပဏီဝဘ်ဆိုက်ပေါ်မှာ မိမိတို့ရဲ့စီးပွားရေးလုပ်ငန်းအကြောင်းအရာ အချက်အလက်တွေ၊ လုပ်ဆောင်မှုနည်းဗျူဟာနဲ့ ချဉ်းကပ်မှုတွေကို လက်လှမ်းမီအောင်ဖော်ပြထားခြင်းဟာ စီးပွားရေးအမြင်ကောင်းရှိခြင်းဖြစ်ပါတယ်။ အခုပွင့်သစ်စစီမံချက်ဟာကမ္ဘာပေါ်က အကြီးမားဆုံးကုမ္ပဏီ၁၀၀ ကျော်ရဲ့ ပွင့်လင်းမြင်သာမှုဆောင်ရွက်ချက်ကို အမှတ်ပေးမှတ်တမ်းပြုစုခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ (Transparency International)၏ TRAC (Transparency in Corporate

Reporting) ကော်ပရေးရှင်းကြီးများ၏ အစီရင်ခံစာတွင် ပွင့်လင်းမြင်သာမှုနှင့်သက်ဆိုင်သော အစီရင်ခံချက်ကို အားကျအတုယူပြီး ပေါ်ပေါက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့စီးပွားရေးနဲ့ဆက်နွယ်တဲ့သူတွေ၊ မြန်မာ့ကုမ္ပဏီတွေနဲ့ ပက်သက်တဲ့သူတွေက မြန်မာ့ကုမ္ပဏီတွေနဲ့ပတ်သက်ပြီး သိရှိလိုတဲ့အချက်တွေလည်း ပါဝင်အောင် MCRBစစ်တမ်းရဲ့ သုတေသနနည်းစနစ်ကိုပြင်ဆင်ခဲ့ပါတယ်။ အခွန်ငွေမှန်မှန်ဆောင်သော ကုမ္ပဏီတွေဖြစ်လာအောင်၊ကုမ္ပဏီတွေအချင်းချင်း ကျင့်ဝတ်နဲ့ညီတဲ့ယှဉ်ပြိုင်မှုပေါ်ပေါက်လာအောင် ဖန်တီးပေးခဲ့တဲ့မြန်မာ့ပြည်တွင်း အခွန်များဦးစီးဌာနရဲ့ အခွန်ငွေအများဆုံးပေးဆောင်သူစာရင်းကလည်း ယခုပွင့်သစ်စစီမံချက် ပေါ်ပေါက်ဖို့အတွက်အားပေးခဲ့ပါတယ်။ အခုပွင့်သစ်စစီမံချက်(TiME)ကလည်း အခုပြောခဲ့တဲ့အခွန်အများဆုံး ပေးဆောင်သူများစာရင်းလိုပဲကုမ္ပဏီများရဲ့ ပွင့်လင်းမြင်သာမှုဆောင်ရွက်ချက်ကို အားပေးဖို့မျှော်လင့်ထားပါတယ်” ဟု အာဆီယံစီးပွားရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဖိုရမ်တွင် MCRB၏ ဒါရိုက်တာဗစ်ကီဘိုးမန်း ကပြောသည်။

ပွင့်သစ်စ(TiME)၏စီမံကိန်းအရ မြန်မာ့ထိပ်တန်းကုမ္ပဏီကြီးများထဲမှ ပျမ်းမျှ(၅၀)ခန့် ကိုရွေးချယ်ခဲ့ပြီး ၎င်းကုမ္ပဏီများ၏အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့အစည်းဆိုင်ရာပွင့်လင်းမြင်သာမှု၊ လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်အစရှိသော နယ်ပယ်ရပ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်အကြောင်းအရာမည်မျှ ဖော်ပြထားသည်ကို(MCRB)က သုတေသနပြုဆန်းစစ်သွားပါမည်။ ကုမ္ပဏီအသီးသီးက ၎င်းတို့၏တရားဝင်ဝက်ဘ်ဆိုဒ်နှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ဖော်ပြထားသော အကြောင်းအရာများ အပေါ်မူတည်ပြီး ကုမ္ပဏီတစ်ခုချင်းစီကို အမှတ်ပေးသွားမည်ဖြစ်သည်။ အဆိုပါကုမ္ပဏီများ၏ ဝက်ဘ်ဆိုဒ်တွင်တွေ့ရှိသော အကြောင်းအရာများကိုအခြေခံ၍ (MCRB)က ၎င်းစစ်တမ်းရှိကုမ္ပဏီများကိုဖုန်း/မေလတွင်ဆက်သွယ်မှုများ ပြုလုပ်မည်ဖြစ်သည်။ အဆိုပါ ဆက်သွယ်မှုတွင်(MCRB)က ကုမ္ပဏီကို၎င်းတို့ ဝက်ဘ်ဆိုဒ်များပေါ်တွင် အကြောင်းအရာအချက်အလက်များ ပိုမိုထုတ်ပြန်ရန် အားပေးမည်ဖြစ်ပြီး၊ အချို့အခြေအနေများတွင် အဆိုပါနယ်ပယ်များနှင့် သက်ဆိုင်သောပေါ်လစီများ သီးသန့်မရှိသော ကုမ္ပဏီများကို ၎င်းပေါ်လစီများပြုစုပြီး လိုက်နာကျင့်သုံးရန် အားပေးသွား မည်ဖြစ်သည်။

ကုမ္ပဏီများ၏ ဤပြင်ဆင်ဖြည့်စွက်မှုများကို (MCRB)က ထပ်မံစစ်ဆေး၍ နောက်ဆုံးရလဒ်များအဖြစ် ကုမ္ပဏီအသီးသီး၏ စစ်တမ်းတွင်ရရှိသောအမှတ်များကို ဇွန်လ(၂၀၁၄)တွင်(MCRB)က ထုတ်ပြန်ကြေညာသွား

မည်ဖြစ်သည်။ ကုမ္ပဏီများ၏ပွင့်လင်းမြင်သာမှုကို ပိုမိုတိုးတက်စေရေးအတွက် အားပေးလိုသော ရည်ရွယ်ချက်ဖြင့်(MCRB)၏ ပွင့်သစ်စစီမံချက်ကို (၂၀၁၅)တွင်လည်း ထပ်မံဆောင်ရွက်သွားမည်ဖြစ်သည်။ ကုမ္ပဏီများ၏အထက်ပါဖော်ပြထားသော နယ်ပယ်ရပ်များတွင် မိမိတို့ဆောင်ရွက်ချက်များကို တိုးတက်အောင် လုပ်ဆောင်ရန်စိတ်ဝင်စားသော ကုမ္ပဏီများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီအောင်ဆောင်ရွက် နိုင်ရန် (MCRB)က လက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

နောက်ခံအကြောင်း

၁။ ရန်ကုန်အခြေစိုက် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရရှိရေးအထောက်အကူပြုဌာန (MCRB)ကို ယူကေအခြေစိုက် လူ့အခွင့်အရေးနှင့်စီးပွားရေးအဖွဲ့ (Institute of Human Rights and Business)နှင့် ဒိန်းမတ်လူ့အခွင့်အရေးအဖွဲ့အစည်း(Danish Institute of Human Rights)တို့ ပူးပေါင်းဖွဲ့စည်းပြီး ယူနိုက်တတ်ကင်းဒမ်၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ အိုင်ယာလန်တို့က ထောက်ပံ့ပေးပါသည်။ ပြည်တွင်းလိုအပ်ချက်များပေါ်မူတည်၍ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ တာဝန်ယူမှုရှိသော စီးပွားရေးကျင့်ဝတ်များပေါ်ပေါက်လာရန် လိုအပ်သောအသိပညာ၊ စွမ်းရည်၊ ဆွေးနွေးတိုင်ပင်ခြင်းများကို အားပေးပြီး ထိရောက်အသုံးတည့် သည့် အခင်းအကျင်းတစ်ခုဖန်တီးပေး လိုသောရည်ရွက်ချက်ဖြင့်ဤဌာနကို တည်ထောင်ခဲ့ရခြင်းဖြစ်သည်။(MCRB)သည် စီးပွားရေးလုပ်ငန်းများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ ၊အစိုးရများနှင့်ပူပေါင်းဆောင်ရွက်နေသော ဘက်လိုက်မှုကင်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

၂။ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်သောဝင်ငွေခွန်အများဆုံး ပေးဆောင်သူစာရင်း (၁၀၀)နှင့် ကုန်သွယ်လုပ်ငန်းခွန်များဆုံး ပေးဆောင်သူစာရင်း(၁၀၀)ကိုအခြေခံကာ စီမံကိန်းတွင်ပါဝင်မည့် ကုမ္ပဏီများကို ရွေးချယ်ခဲ့ပါသည်။ ယင်းကုမ္ပဏီများ၏ ကုမ္ပဏီခွဲများကိုလည်း မိခင်ကုမ္ပဏီတစ်ခုတည်း အောက်တွင် ထည့်သွင်းပါသည်။ အခွန်အများဆုံးပေးဆောင်သူ စာရင်းတွင် မပါဝင်သောကုမ္ပဏီကြီးများကိုလည်း

ဤစီမံချက်တွင် ထည့်သွင်းဖြစ်မည်ဖြစ်သည်။ စီမံချက်တွင်ပါဝင်သော ကုမ္ပဏီများကို သိရှိလိုပါက http://www.myanmarresponsiblebusiness.org/ တွင်ကြည့်ရှုနိုင်ပါသည်။

၃။ အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့စစ်တမ်း TRAC(Transparency in Corporate Reporting) သည်ကုမ္ပဏီများ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ထုံးလုပ်နည်းများ၊ ကုမ္ပဏီတစ်ခုချင်းစီ၏ လုပ်ငန်းခွဲများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ မိမိစီးပွားရေးလုပ်ကိုင်နေသော နိုင်ငံတစ်ခုချင်းစီတွင် မိမိစီးပွားရေး လုပ်ဆောင်ချက်များကို မည်သို့ဖော်ပြသည်ဟူသော နယ်ပယ်များကိုဆန်းစစ်သည်။ အဖွဲ့အစည်း ပွင့်လင်းမြင်သာမှု မြင့်မားခြင်းနှင့် တာဝန်ယူမှုရှိခြင်းသည် အဂတိလိုက်စားမှုအန္တရာယ်ကိုလျော့ပါးစေနိုင်သည်။ ပိုမိုသိရှိပါလိုပါက ဤနေရာကိုနှိပ်ပါ။

၄။ ကုမ္ပဏီများ၏ ဝက်ဘ်ဆိုဒ်ပေါ်တွင် မည်သည့်အကြောင်းအရာကို မှတည်၍စစ်တမ်းပြုစုမည် ဆိုသည့် မေးခွန်းများကို MCRBဝက်ဘ်ဆိုဒ်ပေါ်တွင် ရှာဖွေကြည့်ရှုနိုင်ပါသည်။ မေးခွန်းများနှင့်ပက်သက်၍ လည်းကောင်း၊ စီမံချက်တွင်ပါဝင်သော ကုမ္ပဏီစာရင်းများနှင့် ပက်သက်၍လည်းကောင်း၊ (သို့မဟုတ်) အခြားသောမည်သည့်ကုမ္ပဏီများကို ဤစီမံချက်၏ကုမ္ပဏီများစာရင်းတွင် ထည့်သွင်းသင့်သည်များနှင့် ပတ်သက်၍သော်လည်းကောင်း လူကြီးမင်းတို့၏အကြံပြုချက်များကို ဖိတ်ခေါ်အပ်ပါသည်။ ထိုအကြံပြုချက်များကို (info@myanmar.responsinlebusiness.org) သို့ပေးပို့နိုင်ပါသည်။

၅။ ကုမ္ပဏီများ၏ တရားဝင်ဝက်ဘ်ဆိုဒ်များကို MCRB၏ပွင့်သစ်စစီမံချက်မှ မတ်လတွင် စတင်ဆန်းစစ် သွားမည်ဖြစ်ပါသည်။ ဤသုတေသနနှင့် ပတ်သက်၍ စီမံချက်တွင် ပါဝင်သောကုမ္ပဏီများအား ၄င်းတို့၏ရလဒ်များကို ဧပြီမေလတွင်အကြောင်းကြားမည်ဖြစ်သည်။ ကုမ္ပဏီဝက်ဘ်ဆိုဒ်များပေါ်တွင် လိုအပ်သောအကြောင်းအရာ အချက်အလက်များထည့်သွင်းခြင်း၊ ထပ်မံဖြည့်စွက်ခြင်းများကိုဆောင်ရွက်ရန်

အခွင့်အရေးပေးသွားမည်ဖြစ်သည်။ ဤဖြည့်စွက်ထည့်သွင်းခြင်းများပေါ်မူတည်၍ နောက်ဆုံးရလဒ်များကို ဇူလိုင်လတွင်တရားဝင် ကြေညာသွားမည်ဖြစ်သည်။

၆။ အာဆီယံစီးပွားရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဖိုရမ်ကို (AseanCSR) ကွန်ရက်ကစီစဉ်ခဲ့ပြီး Foreign and Commonwealth Office (FCO) နှင့် British High Commission in Singapore ကထောက်ပံ့ခဲ့ပါသည်။ The UN Office on Drugs and Crime(UNODC)နှင့် UN Global Compact တို့ကလည်း ဤဖိုရမ်ကို အထောက်အပံ့ပေးပါသည်။

သတင်းမီဒီယာများအတွက်

ဤစီမံကိန်းနှင့်ပတ်သက်၍ပိုမိုသိရှိပါကဝင်းကျော်ကျော် (ပွင့်သစ်စစီမံချက် မန်နေဂျာ)

ဖုန်း၀၉၄၂၁၁၂၇၅၄၂(winkyaw.kyaw@myanmar-responsiblebusiness.org)
သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။